ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ စနေနေ့ (5-7-2008) (၅၇၃၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　ဇူလိုင်　၅

၂၀၀၈ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်သော ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှ ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူဂိုရှာဗက်ဇ် ဖရေးယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နေပြည်တော်လယ်ဝေးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် လိုက်လံကြည့်ရှုအားပေး

နေပြည်တော်　ဇူလိုင်　၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်လယ်ဝေးမြို့နယ် အေလာမြို့ နေပြည်တော်လေဆိပ်အနီး၌ ကျင်းပသော ၂၀၀၈ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ နေပြည်တော် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရခြင်း အကြောင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က မဲဇလီပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများအလိုက် သစ်ပင်များကို စိုက်ပျိုးပေးကြရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူအပင် ၅၀၀၀၊ အရိပ်ရလေကာပင်ဖြစ်သည့် မဲဇလီပင် ၅၀၀၀ စုစုပေါင်း အပင် ၁၀၀၀၀ စိုက်ပျိုးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူအင်အား ၅၀၀၀ခန့်တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဲဇလီပင် စိုက်ပျိုး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် အေလာမြို့ နေပြည်တော်လေဆိပ်အနီး၌ ၂၀၀၈ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မဲဇလီပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

စစ်တောင်းနှင့် ချင်းတွင်းမြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

နေပြည်တော်　ဇူလိုင်　၄

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ မဒေါက်မြို့တွင် ၁၀၀၃ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ သို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၁၁၃၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၁၆၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်း မိုးစပါးဧကတစ်သန်းကျော် စိုက်ပျိုးပြီးဖြစ်

နေပြည်တော်　ဇူလိုင်　၄

မုန်တိုင်းသင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်ပြည်သူများက လိုအပ်သည်များကူညီပံ့ပိုးပေးလျက်ရှိမှုကြောင့် ဧရာဝတီတိုင်းအတွင်း ဇူလိုင် ၃ ရက်အထိ မိုးစပါးဧက ၁ ဒသမ ၁၇ သန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟော်လမြိုင်ကျွန်းမြို့နယ်အတွင်း သွားလာရန်ခက်ခဲသော ကျေးရွာများသို့ ဆေးရုံသင်္ဘောဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန်　ဇူလိုင်　၄

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် လေဘေးသင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း သွားလာရန်ခက်ခဲသော ကျေးရွာများသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပပဝင်းသင်္ဘောကို ဆေးရုံသင်္ဘောအဖြစ် အသုံးပြု၍ ကျေးလက်ဒေသရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် သမားတော် ဒေါက်တာမောင်မောင်သန့် ဦးဆောင်၍ မျက်စိအထူးကုဆရာဝန် ဒေါက်တာဦးချောဝေလွင်၊ ကလေးအထူးကုဆရာဝန် ဒေါက်တာဝင်းလှဲ့မေ၊ စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာထွယ်လှ၊ သွားရောဂါဆရာဝန် ဒေါက်တာညွန့်ကြိုင်၊ လက်ထောက်ဆရာဝန် နှစ်ဦးနှင့်အတူ ကျန်းမာရေးဝန်ထမ်းများပါဝင်သော

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❑

ကြေးမုံ The Mirror

၅-၇-၂၀၀၈
(စနေနေ့)

မြန်မာအမျိုးသမီးများဘဝလှပရေး ဖော်ဆောင် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား ဆက်လက်သယ်ပိုး

အမျိုးသမီးများကိုယ်တိုင် ဦးဆောင်သည့် အင်အားစုတစ်ရပ်အဖြစ်စုဖွဲ့ပြီး အမျိုးသမီးများ၏ဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သော လေးနှစ်ကျော်ကာလအတွင်းတွင် နိုင်ငံတော်အတွက် အားထားရမည့် အမျိုးသမီးအင်အားစုအဖွဲ့ဝင် လေးသန်းကျော်ခန့် ရှိနေပြီဖြစ်သည်။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများအထိ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး အမျိုးသမီးများ၏ ဘဝလှပရေး ဖော်ဆောင်ကြိုးပမ်းရင်း နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ကျရာကဏ္ဍအလိုက် ပါဝင်သယ်ပိုး ဖြည့်ဆည်းနေကြပြီဖြစ်သည်။

အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများတွင် အမျိုးသမီးများ လက်တွေ့ဘဝနှင့်ကိုက်ညီမည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် အမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်း နည်းပညာသင်ကျောင်းများ၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်းနှင့် ဝင်ငွေတိုးလုပ်ငန်းများကို ဖော်ဆောင်ပေးနေကြောင်း တွေ့ရသည်။

မြန်မာအမျိုးသမီးများသည် သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ် ပါဝင်သယ်ပိုး ကြိုးပမ်းခဲ့ကြသည့် အစဉ်အလာရှိသည်။ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးရေးနှင့် မျိုးဆက်သစ် လူငယ်များကို ပြုစုပျိုးထောင်ပေးရာတွင် အမျိုးသမီးများ၏ဂုဏ်ရောင် ထွန်းပြောင်စေရေး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ကြသည်။ အမျိုးသားရေး၊ ဘာသာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ စာပေစသည့် ကဏ္ဍအသီးသီးတွင် မော်ကွန်းတင်ခံခဲ့ရသော မြန်မာအမျိုးသမီးမြောက်မြားစွာ ပေါ်ထွန်းခဲ့သည်။

မျက်မှောက်ကာလတွင်လည်း နိုင်ငံတော် ဖွံ့ဖြိုးရေး စီမံကိန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများကိုယ်တိုင် ရှေ့တန်းက ပါဝင်လျက်ရှိပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာစသည့် ကဏ္ဍအသီးသီး၌ အောင်မြင်မှုရရှိနေသော အမျိုးသမီး စွမ်းဆောင်ရှင်များကို တွေ့မြင်နေရပြီဖြစ်သည်။

ယင်းသို့ သမိုင်းအစဉ်အဆက် စွမ်းဆောင်ရည်မြင့်မားခဲ့သော မြန်မာအမျိုးသမီးထုတစ်ရပ်လုံးသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုနှင့်အတူ မြန်မာအမျိုးသမီးများဘဝ လှပရေးနှင့် နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေး လုပ်ငန်းစဉ်များတွင် ဆက်လက်ပါဝင် သယ်ပိုးထမ်းဆောင် သွားကြရမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သပြေလမ်းနေ ကွယ်လွန်သူ ဦးခင်သောင်းအား ရည်စူး၍ ဇနီး ဒေါ်ရွှေသင်နှင့် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၃၀၀၀၀ ကို ဒုတိယအကြိမ် လှူဒါန်းရာ နာယကဓမ္မကထိက ဆရာဦးသိန်းဆွေ (ဓနုဖြူ) နှင့် ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်တို့ လက်ခံယူစဉ်။

(က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးနှင့် အင်္ဂပူမြို့နယ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၄

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဂီတစာဆို ဘိုကလေးတင့်အောင်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လေးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရှင် ၁၃၀ တို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

ထို့နောက် ထူးထရေးဒင်းကုမ္ပဏီမှ ဦးရဲမင်းဦး၊ ဒိုင်းမွန်းမာကြူရီကုမ္ပဏီမှ ဦးစိန်လွင်နှင့် ကောင်းမြတ်ကုမ္ပဏီတို့က ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ်သိန်းတစ်ရာစီ လှူဒါန်းကြပြီး ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ အလှူငွေပေးအပ်ပွဲ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးသည်။ အခမ်းအနားတွင် ငွေမိသားစုကုမ္ပဏီမှ ဦးလှငွေးက သွပ်အချပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံသည်။

အင်္ဂပူမြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၉ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ငွေးတို့က အမှာစကား ပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် မအေးမြတ်မြတ်ကျော်အား တစ်ကျပ်သားရွှေဆွဲပြား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းကိုလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း၊ တာဝန်ရှိသူများက ဂုဏ်ထူးရှင် ၇၇ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ခြောက်ဘာသာဂုဏ်ထူးရှင် မအေးမြတ်မြတ်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ်အတွင်းရှိ တောင်ပေါ်ကုန်း အခြေခံပညာမူလတန်းကျောင်းနှင့် ဘုရားငုတ္တို(၁)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲများသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်များမှာ အလျားပေ ၁၂၀၊အနံပေ ၃၀ စီ ရှိကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်စီစဉ် တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓမ္မမာမက သာသနာ့ရိပ်သာ ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာအာဇီဝကျောင်းလမ်း ဓမ္မမာမကသာသနာ့ရိပ်သာ၌ ဝါတွင်းတရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာတရားကို ဓမ္မမာမက သာသနာ့ရိပ်သာဆရာတော်ကိုယ်တိုင်ဦးစီး၍ (ဝါဆိုလဆန်း ၁၄ ရက်) ဇူလိုင် ၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ တရားဝင်ရောက်အားထုတ်လိုသောယောဂီများ ဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ရုံးခန်းဖုန်း-၆၂၉၁၀၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်ဆိပ်ကမ်းတွင် မြစ်ဝကျွန်းပေါ်ဒေသအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ ရေယာဉ်ပေါ်သို့ တင်ဆောင်စဉ်။ (သတင်းစဉ်)

လေဘေးသင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရန် ဩဝါဒခံယူပွဲ ကျင်းပ

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်ခံခဲ့ရသော ဘုရားစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများအား ပြန်လည်ပြုပြင်ရန်အတွက် ဩဝါဒခံယူပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်ခံခဲ့ရသော ဘုရားစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများအား ပြန်လည်ပြုပြင်ရန်အတွက် ဩဝါဒခံယူပွဲ အခမ်းအနားကို ဇူလိုင် ၃ရက်နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ ဆံတော်ကြီးစေတီတော် ပရိဝုဏ်အတွင်းရှိ အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ နာဂလိုဏ်ဂူ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသတို့က ဩဝါဒကထာ မြွက်ကြားတော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အလှူရှင် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ) မိသားစုတို့ကဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က တွံတေးမြို့နယ်အတွင်းရှိ ဆရာတော်သံဃာတော်များအား သင်္ကန်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး အလှူရှင်ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ)က ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများအား ပြန်လည်ပြုပြင်ရေးနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။ ထို့နောက် ကျိုက်ထီးဆောင်းဆရာတော်အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညာဒီပက လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေသည်။(ကြေးမုံ)

လေဘေးသင့်ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများဖြစ်သည့် ကွမ်းခြံကုန်းမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များရှိ ဒေးမြန်မာ အခြေခံပညာမူလတန်းကျောင်း၊ ဝါးကောက်တော အခြေခံပညာမူလတန်းကျောင်းနှင့် တော်ခရမ်းအခြေခံပညာ အလယ်တန်းကျောင်းတို့၌ ပညာသင်ကြားလျက်ရှိကြသောကျောင်းသား ကျောင်းသူများအား ဇွန် ၂၅ရက်တွင် Ghani Win International Modern Processing Plant & Coldstorage မှ ဦးအောင်ဝင်း ဦးဆောင်သည့် ဝန်ထမ်းများနှင့် Ruskim Sea Foods Ltd. (UK) မှ Mr. IAN တို့က ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ စာရေးကိရိယာများနှင့်ဒေသခံလေဘေးသင့်ပြည်သူများအတွက် တီရှပ်၊ ပုဆိုး၊ ဆန်အိတ်၊ ငါးခြောက်နှင့် ငါး စုစုပေါင်း ပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၁၃၀ ကို သွားရောက်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ စေတနာရှင် ဆရာဝန်များအား ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့မှ လေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ကအခမဲ့ ဆေးကုခန်းများ နေရာအနှံ့ဖွင့်လှစ်၍ အခမဲ့ဆေးကုသဒါနပြုခဲ့ကြရာ ဇွန်လကုန်အထိ အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များနှင့် မျိုးဆက်သစ်လူငယ်ဆရာဝန်စုစုပေါင်း ၅၈၅ဦးသည်ခရီးစဉ်ပေါင်း(၃၈)ကြိမ်တွင် ဝေဒနာရှင်ပေါင်း ၂၂၇၈၄ ဦးကို ဆေးကုသမှုပေးခဲ့ကြသည်။

စေတနာရှင်များကပေးပို့ထားသော အသုံးအဆောင် ပစ္စည်းများကိုလည်း ဖြန့်ဝေလှူဒါန်းပေးနိုင်ခဲ့သည်။ဆေးကုသမှုအစီအစဉ်များတွင် ရန်ကုန်မြို့မှ ဆရာဝန်ကြီးများအပြင် ရွှေဘို၊ မန္တလေး၊ တောင်ကြီး၊ မကွေး၊ ပြည်၊ မော်လမြိုင်၊ပုသိမ်၊လပွတ္တာနှင့် ပဲခူးမြို့တို့မှ ဆရာဝန်ကြီးများပါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ အစီအစဉ်ကို ရေရှည်ဆက်လက်ဆောင်ရွက်နိုင်ရန်စီစဉ်လျက်ရှိရာ လုပ်အားပေးလိုသူ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အထွေထွေရောဂါကုဆရာဝန်များနှင့် မျိုးဆက်သစ်ဆရာဝန်များအား မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အမှတ်(၂၄၉) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၈၈၆၃၊၃၈၀၈၉၉၊ ၃၈၈၀၉၇၊ ၀၉၈၆၀၁၆၇၇ တို့သို့ ဆက်သွယ်ကြပါရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၄

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများအနေဖြင့် အဖွဲ့အစည်းအလိုက်စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အောက်ပါပစ္စည်းများအတွက် ကျသင့်သောအလှူငွေများကို ရန်ကုန်မြို့ မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

	ပစ္စည်း	သင့်ငွေ
၁။	လူနေအိမ်တစ်လုံး	၆၀၀၀၀၀ိ/-
၂။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်ပါ)	၄၀၀၀၀၀ိ/-
၃။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်မပါ)	၂၀၀၀၀၀ိ/-
၄။	လက်တွန်းထွန်စက်တစ်စီး	
	(က) လယ်ယာ-၁၆	၁၀၉၀၀၀၀ိ/-
	(ခ) လယ်ယာ-၂၂	၁၅၅၀၀၀၀ိ/-
	(ဂ) ဧရာ-၁	၁၁၂၈၆၀၀ိ/-
၅။	ဓာတ်မြေဩဇာတစ်အိတ်	၁၈၀၀၀ိ/-

(သတင်းစဉ်)



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အထပ် ၅၀ မြင့်သော အဆောက်အအုံတစ်ခုတွင် ဆောက်လုပ်ရေး လုပ်သားတစ်ဦး အလုပ်လုပ်နေသည်ကို ဇူလိုင် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကျဉ်းသားလဲလှယ်ရေးအစီအစဉ် အစ္စရေးဝန်ကြီးချုပ် ထောက်ခံ

ဂျေရုဆလင် ဇူလိုင် ၂

၂၀၀၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် လက်ဘနွန်စစ်ပွဲတွင် ပြောက်ကျားများ၏ ဖမ်းဆီးခြင်းခံနေရသည့် အစ္စရေး တပ်ဖွဲ့ဝင်နှစ်ဦး လွတ်မြောက်ရေးအတွက် ဟစ်ဇ်ဘိုလာပြောက်ကျားများနှင့် အကျဉ်းသား ဖလှယ်ရေးအစီ အစဉ်ကို အစ္စရေးဝန်ကြီးအဖွဲ့ အတည်ပြုခဲ့မှုအပေါ် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်က ထောက်ခံ ပြောကြားလိုက်သည်။

အီဟွတ်ဂိုးလ်ဝက်ဆာနှင့် အယ်လ်ဒက်ရီဂက်ဗ် စစ်သားနှစ်ဦး လွတ်မြောက်ရေးအတွက် လက်ဘနွန် အကျဉ်းသားများနှင့် လဲလှယ်မည့် အစီအစဉ်ကို အိုလ်မတ်ကထောက်ခံမည်ဟု ဝန်ကြီးများသို့ ပြောကြားသည်။

ပြောကြား

အဆိုပြုထားသည့် အကျဉ်းသား ဖလှယ်ရေးအစီအစဉ်သည် စိတ်ဓာတ်ရေးရာအရ အမြင့်ဆုံး အစီအစဉ်ဖြစ်ကြောင်း၊ လက်ဘနွန်စစ်သားများ သေဆုံးခဲ့ပါက ၎င်းတို့၏ အလောင်းများကို အစ္စရေးက ပြန်ပေးရမည်ဟု စောဒကတက်မှုများ ကြားရပြီးနောက် နက်နက်ရှိုင်းရှိုင်း တွေဝေမိကြောင်း အိုလ်မတ်က ပြောကြားသည်။

ကုလသမဂ္ဂက ခန့်ထားသည့် ဂျာမန်ညှိနှိုင်းရေးမှူးမှ တစ်ဆင့် ဂိုးလ်ဝက်ဆာနှင့် ရီဂက်ဗ်တို့နှင့် လဲလှယ်ရန် လက်ဘနွန်ပြောက်ကျား ငါးဦးအား လွှတ်ပေးပြီး အလောင်း ၁၀ လောင်းကို ဌာနေသို့ ပြန်ပို့ပေးရန် အစ္စရေးက ကမ်းလှမ်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဆူဒန်သို့ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်မည်

တိုကျို ဇူလိုင် ၂

ဆူဒန်နိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့သို့ ဂျပန်နိုင်ငံက စစ်ဘက်တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဖြစ်ကြောင်း ဇွန် ၃၀ရက်တွင် ဝန်ကြီးချုပ် ယာဆူအိုဖူကူဒါက ပြောကြားသည်။ တိုကျိုမြို့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် တွေ့ဆုံပြီး ဆူဒန်ရှိ ကုလသမဂ္ဂအဖွဲ့သို့ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဖြစ်ကြောင်း ဖူကူဒါက ပြောကြားသည်။

အစိုးရက တပ်ဖွဲ့ဝင်အရေအတွက်နှင့် စေလွှတ်မည့်အချိန်ကို ဆုံးဖြတ်ချက် မချရသေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။ ဂျပန်နိုင်ငံ မြောက်ပိုင်း ဟိုကိုင်းဒိုးမြို့တွင် ဇူလိုင် ၇ရက်မှ ၉ ရက်ထိ ကျင်းပမည့် ဂျီ-၈ အုပ်စု ထိပ်သီးစည်းဝေးပွဲ မတိုင်မီ တိုကျိုမြို့တွင် ရောက်ရှိနေသည့် ဘန်းက ဂျပန်နိုင်ငံ၏ အဆိုပါ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း အတွင်းရေးမှူးချုပ်က ပြောကြားသည်။

ဆူဒန်တွင် ဗဟိုအစိုးရကိုဆန့်ကျင်ပြီး သူပုန်များက လက်နက်ကိုင်တိုက်ခိုက်ခဲ့မှုအား ၂၀၀၃ ခုနှစ် ဦးပိုင်းကတည်းက ပြုလုပ်ခဲ့သည်။ နိုင်ငံတကာကျွမ်းကျင်သူများ ခန့်မှန်းချက်အရ ထိုပဋိပက္ခအတွင်းလူ ၂၀၀၀၀၀ ခန့် သေဆုံးပြီး ၂ ဒသမ ၅ သန်းကျော် အိုးအိမ်ပစ်ထွက်ပြေးခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကော်စတာရီကာတွင် အပူပိုင်းမုန်တိုင်း တိုက်ခတ်

မန်ဂျို့စ် ဇူလိုင် ၃

ကာရေဘီယံဒေသတွင် ယခုနှစ်အတွင်း ဖြစ်ပွားသော အပူပိုင်းမုန်တိုင်းများအနက် (၁၁)ကြိမ်မြောက် ကျရောက်သော မုန်တိုင်းကြောင့် ကော်စတာရီကာနိုင်ငံတစ်ခွင်လုံးတွင် မိုးသည်းထန်စွာရွာသွန်းသည့်အတွက် အနိမ့်ပိုင်းဒေသများ၌ နေထိုင်သူများအား ရေကြီးမည့်အန္တရာယ်နှင့် ကြုံတွေ့နိုင်၍ သတိထားနေထိုင်ကြရန် အမျိုးသားမိုးလေဝသဌာနက သတိပေးထားသည်။

ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေး ရန်ပုံငွေ ကမ္ဘာ့ဘဏ်က ခွင့်ပြု

ဝါရှင်တန် ဇူလိုင် ၃

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြုံတွေ့နေရသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များထုတ်လွှတ်မှု ပြဿနာနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့ရမည့် အခက်အခဲများကိုဖြေရှင်းနိုင်ရန် ပမာဏအားဖြင့် အမေရိကန်ဒေါ်လာသန်း ၅၀၀၀ ရှိ ရန်ပုံငွေတစ်ရပ်ထားရှိရန် ကမ္ဘာ့ဘဏ်က ဇူလိုင် ၁ ရက်တွင် ခွင့်ပြုလိုက်သည်။

ရုရှားမြောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ၊ ကိုးဦးသေဆုံး

မော်စကို ဇူလိုင် ၃

ရုရှားနိုင်ငံမြောက်ပိုင်း ယာမဲလ်နီနစ်စကီးဒေသတွင် ဇူလိုင် ၂ ရက်က အမ်အိုင်-၈ အမျိုးအစား ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ ကိုးဦး သေဆုံးသွားကြောင်း ရုရှား အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကိုလံဘီယာသူပုန်များလက်မှ ပြန်လည်လွတ်မြောက်လာသည့် အင်ဂရစ်ဘီတန်ကုတ်အား ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန် မျိုးနွယ်စုတို့၏ ဒေသမှ အလောင်းနှစ်လောင်း ပြန်လည်ရရှိ

အစ္စလာမ္မာဘတ် ဇူလိုင် ၂

ပါကစ္စတန်နိုင်ငံမျိုးနွယ်စုတို့နေထိုင်ရာအနောက်မြောက်ဒေသမှအလောင်းနှစ်လောင်းကို တနင်္လာနေ့တွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။ ကူရန်မျိုးနွယ်စုတို့၏ ချင်ယန်ဂါနယ်မြေ၌ ပြန်ပေးဆွဲခံရသော လူရှစ်ဦးကို အမည်မသိသူများက သတ်ပစ်ကြကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားလိုင်း ဂျီအိုက တင်ပြသွားသည်။ သေဆုံးသူများထဲမှတစ်ဦးသည် တာလီဘန်အဖွဲ့မှ လူပ်ရှားသူဟောင်း ရာဂျာဆိုသူဖြစ်သည်ဟု ဆက်လက်တင်ပြသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်နိုင်ငံ နာထရန် အပန်းဖြေမြို့၌ ဇူလိုင် ၁၄ ရက်တွင် ကျင်းပမည့် မယ်စကြဝဠာပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံတကာမှ အလှမယ်အချို့ကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာသူပုန်များ ဖမ်းထားသည့် ဓားစာခံ ၁၅ ဦး လွတ်မြောက် သမ္မတလောင်းယှဉ်ပြိုင်ခဲ့သူ ဘီတန်ကုတ်နှင့် တပ်ဖွဲ့ဝင်များပါဝင်

ဘိုဂိုတာ ဇူလိုင် ၄

မိမိနှင့်အခြားဓားစာခံ ၁၄ဦးတို့အား ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့(အက်ဖ်အေအာစီ)လက်မှ လွတ်မြောက်စေရန် ဆောင်ရွက်သည့် ကယ်တင်ရေး စစ်ဆင်မှုသည် ပြည့်စုံသော စစ်ဆင်ရေးတစ်ရပ်ဖြစ်ကြောင်း ကိုလံဘီယာသမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသူ အင်ဂရစ်ဘီတန်ကုတ်က ဇူလိုင် ၂ရက်တွင်ပြောကြားလိုက်သည်။

ကိုလံဘီယာနိုင်ငံမှ ကယ်ဆယ်ရေး စစ်ကြောင်းသည် အမှားအယွင်း တစ်စုံတစ်ရာမရှိဘဲ ကောင်းမွန်စွာ ဆောင်ရွက်နိုင်သဖြင့် ကျေးဇူးတင်ပါကြောင်း စသည် ဖြင့် ၎င်းက ဘိုဂိုတာရှိ စစ်အခြေစိုက်စခန်းတွင် စိတ်လှုပ်ရှားစွာ ပြောကြားသည်။

ဘီတန်ကုတ်သည် ကိုလံဘီယာနိုင်ငံသမ္မတလောင်း ရွေးချယ်ပွဲအတွက် မဲဆွယ်လှုပ်ရှားမှု ပြုလုပ်စဉ်အတွင်း ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလက ပြန်ပေးဆွဲခံခဲ့ရခြင်းသည်။ ကိုလံဘီယာတပ်ဖွဲ့ဝင်များက တောတွင်းတစ်နေရာ၌ သောင်းကျန်းသူများနှင့် တိုက်ခိုက်ပြီးနောက် ဘီတန်ကုတ် အပါအဝင် အမေရိကန်သုံးဦးနှင့် ကိုလံဘီယာတပ်ဖွဲ့ဝင် ၁၁ ဦးတို့ကို ကယ်တင်ခဲ့သည်။

ဘီတန်ကုတ်နှင့် ကိုလံဘီယာတပ်ဖွဲ့ဝင် ၁၁ ဦးတို့သည် ဘိုဂိုတာရှိစစ်အခြေစိုက်စခန်းသို့ ဗုဒ္ဓဟူးနေ့က ရောက်ရှိလာသည်။

အင်တာနက်။

အဆင့်မမီသည့်အင်ဒိုလေကြောင်းလိုင်းများ ရပ်နားထား

ဂျကာတာ ဇူလိုင် ၃

အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေး ဝန်ကြီးက အသေးစားလေကြောင်းလိုင်း ငါးလိုင်းကို အန္တရာယ်ကင်းရေးဆောင်ရွက်မှု အဆင့်မမီသဖြင့် ရပ်နားထားရန် ယခုသီတင်းပတ်အတွင်းက အမိန့်ထုတ်ခဲ့ကြောင်း ဝန်ကြီးဌာန တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားလေကြောင်းလိုင်းများဖြစ်သော ဟီလီဗိုနာ၊ အက်စ်အေအမ်စီ၊ အက်စ်ကိုနုဆာအဲယား၊ ထရိုင်အမ်ဂျီအင်ထရာ အေရှားအဲယားလိုင်းနှင့် ဒိုင်ယာဂန်တာရာ အဲယားဆားဗစ်တို့ကို အနည်းဆုံး လုံခြုံရေးအဆင့်မီရေး ဆောင်ရွက်ရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက အချိန်သုံးလပေးထားကြောင်း သယ်ယူပို့ဆောင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဘူရီမူယာဝန်ဆူရစ်နိုက ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် အင်ဒိုနီးရှားလေကြောင်းလိုင်းများ၏ အန္တရာယ်ကင်းရှင်းရေးအဆင့်အတန်း တိုးတက်လာစေရန် လုပ်ငန်းစဉ်များမှ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဆူရစ်နိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်ပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်ကို ရှန်ဇီပြည်နယ် ယန်လင်မြို့တွင် လက်ဆင့်ကမ်းသယ်ယူနေသည်ကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်ပြည်နယ် အုပ်ချုပ်ရေးမှူးယာဉ်တန်းအား ဗုံးဖြင့်တိုက်ခိုက်၊ ငါးဦးသေဆုံး

ကဘူး ဇူလိုင် ၃

အာဖဂန်နစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ နမ်ရို့ဇ်ပြည်နယ်တွင် ဇူလိုင် ၂ ရက်က ပြည်နယ်အုပ်ချုပ်ရေးမှူး၏ယာဉ်တန်းအား အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားနှစ်ဦး သေဆုံးကြောင်း လုပ်ကြံမှုမှ အသက်မသေဘဲ ကျန်ရစ်သူ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ပြောကြား

ကဟတ်ချ်ရော့ခရိုင်တွင် လမ်းဆောက်လုပ်ရေး စီမံကိန်းတစ်ခုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်မြို့တော် ဇာရန့်ဂျ်သို့ ပြန်လာစဉ် လမ်းတွင် ၎င်း၏ယာဉ်တန်းကို ဖောက်ခွဲရေးသမားက ဗုံးဖြင့် တိုက်ခိုက်ခဲ့ကြောင်း နမ်ရို့ဇ်ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကနေဒါအနောက်ပိုင်းတွင် တောမီးလောင်ကျွမ်း ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

အော့တဝါ ဇူလိုင် ၃

ကနေဒါနိုင်ငံ အနောက်ပိုင်း ဆာစကက်ချီဝန်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်များ မီးဘေးစိုးရိမ်ရသဖြင့် ပြည်သူ ၂၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားကြောင်း ရိုင်နယ်ကနေဒါရဲတပ်ဖွဲ့(အာရ်စီအမ်ပီ)က တနင်္လာနေ့တွင် ပြောကြားသည်။

ရွှေ့ပြောင်း

ဆာစကက်ချီပြည်နယ်မြောက်ပိုင်း လူနေရပ်ကွက်အစွန်အဖျားမှ သုံးကီလိုမီတာခန့်တွင် တောမီးလောင်ကျွမ်းနေကြောင်း၊ သက်ကြီးရွယ်အိုများနှင့် နေထိုင်မကောင်းသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း အာရ်စီအမ်ပီမှ တပ်ကြပ်ကြီး ကာရိုးရေမွန်က ပြောကြားသည်။

မီးဘေးဒုက္ခသည်များကို အဆိုပါပြည်နယ်တောင်ပိုင်း ၈၀၀ကီလိုမီတာ အကွာသို့ပို့ဆောင်ပေးခဲ့ပြီးတက္ကသိုလ် ပရဝဏ်တွင် နေရာချထားပေးကြောင်း ပြုပြင်မွမ်းမံရေး၊ ပြည်သူ့လုံခြုံရေးနှင့် မူဝါဒရေးရာဝန်ကြီးဌာနမှ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဂျူဒီအော့သ်နာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုမာလီယာနိုင်ငံတွင် စေတနာ့ဝန်ထမ်းအကူအညီပေးရေးအဖွဲ့မှ ဝန်ထမ်းငါးဦး ပြန်ပေးဆွဲခံရ

မိုဂါဒစ်ရှူး ဇူလိုင် ၂

ဆိုမာလီယာနိုင်ငံတွင်း၌ လက်နက်ကိုင်များက ဝင်ရောက်တိုက်ခိုက်ပြီး အီတလီ အထောက်အပံ့ပေးရေးအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းတို့မှ လူသားချင်း စာနာမှုဆိုင်ရာမှ ဝန်ထမ်းငါးဦးအား ပြန်ပေးဆွဲသွားကြောင်း အီတလီ အထောက်အပံ့ပေးရေးအဖွဲ့ခေါင်းဆောင်က ဇူလိုင် ၁ရက်တွင် ပြောကြားသည်။

ဝါးတားဖော်လိုက်ဖ်စေတနာအဖွဲ့ (ဒဗလျူအက်ဖ်အယ်လ်)ကို တည်ထောင်သူ အယ်လီဂိုဆိုမာဗေလာက ရိုက်တာသတင်းဌာနသို့ ပြောကြားချက်အရ ပြန်ပေးဆွဲခံရသူငါးဦးအနက် လေးဦးမှာ ၎င်း၏ဝါးတားဖော်လိုက်စေတနာအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများဖြစ်ပြီး ပဉ္စမမြောက်တစ်ဦးမှာ ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (အက်ဖ်အေအို) ပညာရှင်တစ်ဦးဖြစ်သည်ဟု သိရသည်။

သို့သော် ပြန်ပေးဆွဲခံရခြင်းနှင့်ပတ်သတ်ပြီး ရောမမြို့၌အခြေစိုက်ထားသော ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ကအတည်ပြုပြောကြားခြင်းမရှိပေ။

ဆိုမာလီယာနိုင်ငံသား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဇွန် ၃၀ရက်က မိုဂါဒစ်ရှူးသို့ သွားရာလမ်းပေါ်တွင် ရိုင်ဖယ်သေနတ်များကိုင်ဆောင်ထားသည့် လူများက ဖမ်းဆီးခေါ်ဆောင်သွားပြီး ၎င်းတို့၏ ကားနှစ်စီးအား မြို့တော်အနောက်ဘက်၌ ထားသွားကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ယင်းပြန်ပေးဆွဲခံရသောဖြစ်ရပ်မှာ စစ်သွေးကြွများ၏လက်ချက်ဟု ယူဆရပြီး ၎င်းတို့သည် ဆိုမာလီယာအစိုးရနှင့် အီသီယိုးပီးယား မဟာမိတ်အဖွဲ့များအား တိုက်ခိုက်နေသော စစ်သွေးကြွ အဖွဲ့များဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်၌ ခုနစ်ထပ်အဆောက်အအုံပြိုကျ သေဆုံးသူ ၁၉ ဦးထိ တိုးမြင့်လာ

တီဟီရန် ဇူလိုင် ၃

အီရန်နိုင်ငံ မြို့တော်တီဟီရန်တွင် လူနေတိုက်ခန်းအဆောက်အအုံပြိုကျမှုဖြစ်ရာ သေဆုံးသူ ၁၉ ဦးထိ တိုးလာကြောင်း အီရန်ရုပ်မြင်သံကြားက အင်္ဂါနေ့တွင် ထုတ်လွှင့်ခဲ့သည်။

ယင်းမတော်တဆမှုသည် ဇွန် ၃၀ ရက် နံနက်ပိုင်းက တီဟီရန်မြို့မြောက်ပိုင်းရှိ ဆာအဒါတာဘတ်ခရိုင်တွင် ခုနစ်ထပ်အဆောက်အအုံရှိ ဆောက်လုပ်ရေးဝန်ထမ်းများ အိပ်နေစဉ် ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြောကြား

ပြိုကျသည့်အချိန်တွင် အဆောက်အအုံအတွင်း၌ ဆောက်လုပ်ရေးဝန်ထမ်း ၂၀ ရှိကြောင်း တာဝန်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

အီရန်တာဝန်ရှိသူများကအဆောက်အအုံပြိုကျမှုနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ ကန်ထရိုက်နှင့် အဆောက်အအုံပိုင်ရှင်အပါအဝင် ငါးဦးကို ထိန်းသိမ်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်နိုင်ငံ တီဟီရန်မြို့မြောက်ပိုင်းတွင် ပြိုကျသွားသော အဆောက်အအုံတစ်ခု၌ ရှင်းလင်းရေး ဆောင်ရွက်နေကြသော ကယ်ဆယ်ရေးလုပ်သားများကို ဇူလိုင် ၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဥရောပသို့ ရေလမ်းမှ ခိုးဝင်မည့်သူများ လိုက်ပါလာသည့်လှေအား စပိန်နိုင်ငံ ကမ်းခြေ စောင့်တပ်ဖွဲ့က ကနေရီကျွန်း လောစ်ခရစ္စတီအာဒိုဆိပ်ကမ်းသို့ ဖမ်းဆီးခေါ်ဆောင်လာသည်ကို ဇူလိုင် ၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လူရှစ်ဦးအား သတ်ဖြတ်ခဲ့မှုဖြင့် အမေရိကန်နိုင်ငံသားတစ်ဦးအား ဖမ်းဆီး

ချီကာဂို ဇူလိုင် ၃

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ် စိန့်လောရင့်စ်အနီး၊အီလီနွိုက်စ်ဒေသ ဂရင်နိုက်မြို့ရှိ စားသောက်ဆိုင်အပြင်ဘက်တွင် ဇူလိုင် ၁ ရက်က ကလေးငယ်တစ်ဦး အပါအဝင် လူရှစ်ဦးအား သတ်ဖြတ်မှုဖြင့် သံသယရှိသူ အသက် (၂၈)နှစ်အရွယ် နီကိုလပ်စ်ရှယ်လေကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ရှယ်လေကို အီလီနွိုက်စ်အနောက်ပိုင်း ၎င်း၏ဇာတိမြို့အနီးရှိ အမျိုးသမီးတစ်ဦး၏ နေအိမ်၌ ဖြစ်ပွားသည့် လူသတ်မှုနှင့် ပတ်သက်၍ တရားစွဲဆိုခဲ့သည်။

ထိုမြို့အနီးရှိ တိုက်ခန်းတစ်ခုတွင် အလောင်းလေးလောင်းကို ရှာဖွေတွေ့ရှိပြီးနောက် ရှယ်လေကို လိုက်လံရှာဖွေခဲ့ကြောင်း တနင်္လာနေ့တွင် အက်ဖ်ဘီအိုင်က ပြောကြားသည်။ ၎င်းသေဆုံးသူများမှာ လမ်းလျှောက်ခါစ ကလေးငယ်တစ်ဦး၊ ၎င်း၏မိခင်နှင့် အခြားလူနှစ်ဦးတို့လည်း ပါဝင်သည်။

အက်ဖ်ဘီအိုင်က သေဆုံးသူ ရှစ်ဦးဖြစ်ကြောင်း ပြောကြားသည်။ လူသတ်မှုအချို့တွင် ပုဆိန်ကို အသုံးပြုထားသည်ဟုဆိုသည်။

ရက်သတ္တပတ် စောစောပိုင်းတွင် ရှယ်လေက အသက် ၉၃ နှစ်အရွယ် လူတစ်ဦးအား သတ်ဖြတ်ခဲ့ပြီး စိန့်လော့ရင့်စ်ဒေသတွင် ဇနီးမောင်နှံနှစ်ဦး အပါအဝင် အခြားလူသုံးဦးကိုလည်း သတ်ဖြတ်ခဲ့သည်။ ၎င်းတို့၏ အလောင်းကို ဇွန် ၃၀ ရက်က ရှာဖွေ တွေ့ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နေပြည်တော်ကိုဗဟိုပြု၍ တိုင်းရင်းသားပြည်သူများ ခရီးသွားလာမှုအဆင်ပြေချောမွေ့ မြန်မာ့မီးရထားက ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်နေပြီ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ညီညီထွန်း(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ စက်ခေါင်းများအပါအဝင် စက်နှင့် စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်ရေး စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ခရီးသွားပြည်သူများ ရထားဖြင့် စိတ်ချမ်းမြေ့ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်လည်း အဘက်ဘက်မှဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများအနက် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်နှင့် သာစည်မြို့နယ်အကြားတွင် ဖောက်လုပ်လျက်ရှိသော ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း ဆောင်ရွက်နေမှုကို လေ့လာရန် မိမိတို့ သတင်းအဖွဲ့သည် ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းက ပျော်ဘွယ်မြို့နယ် လင့်စင်ကုန်းကျေးရွာအုပ်စုရှိ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ပါသည်။

မိမိတို့ သတင်းအဖွဲ့သည် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း အင်ဂျင်နီယာ ဦးလွမ်းသူနှင့် တွေ့ဆုံပြီး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ရာ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလက စတင်ခဲ့ကြောင်း၊ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ဖောက်လုပ်ရာတွင် နေပြည်တော် ပျဉ်းမနား-သာစည် ရထားလမ်းပေါ်ရှိ ပျော်ဘွယ်ဘူတာမှ စတင်လမ်းခွဲ၍ သာစည်မြို့ကို ဝင်ရောက်ဖြတ်သန်းခြင်း မပြုဘဲ သာစည်-ရွှေညောင် ရထားလမ်းပေါ်ရှိ ဘုရားငါးဆူဘူတာသို့ ဆက်သွယ်ပေးမည့် ဖြတ်လမ်း ရထားလမ်းသစ် ဖောက်လုပ်ခြင်းဖြစ်ကြောင်း၊ ဖောက်လုပ်ပြီးစီးပါက နေပြည်တော် ပျဉ်းမနားမှ ရွှေညောင်သို့ တစ်ဆက်တည်း ရထားလမ်း တောက်လျှောက် ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်။

စီမံကိန်း အင်ဂျင်နီယာ ဦးလွမ်းသူက မိမိတို့ သတင်းအဖွဲ့အား ဆက်လက် ရှင်းလင်းပြောကြားရာတွင် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းလေးခု ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့မှာ မြေကြီးလုပ်ငန်း၊ တံတားလုပ်ငန်း၊ ဘူတာ အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းနှင့် သံလမ်းခင်းခြင်းလုပ်ငန်းများပင် ဖြစ်ကြောင်း၊ မြေကြီးမြေသားတင်ခြင်း လုပ်ငန်းအနေဖြင့် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ **ရထားလမ်းသစ်၌ တံတားကြီး တံတားငယ် ၃၄ စင်းပါဝင်ကြောင်း၊ ၁၀ ပေအောက် တံတား ၁၄ စင်း၊ ၁၀ ပေ နှင့် ပေ ၄၀ ကြား တံတား ၁၇ စင်း နှင့် ပေ ၁၀၀ အထက် တံတား နှစ်စင်းတို့ ပြီးစီးနေပြီဖြစ်ရာ ပေ ၁၀၀ နှင့်အထက် တံတား တစ်စင်း၊ ရပ်စခန်းများနှင့် ဘူတာ အဆောက်အအုံ တည်ဆောက်ခြင်း၊ သံလမ်းခင်းခြင်း လုပ်ငန်းများသာ တည်ဆောက် အကောင်အထည်ဖော်ရန် ကျန်တော့ကြောင်း** ပြောကြားသည်။

ယင်းနောက် မိမိတို့ သတင်းအဖွဲ့က ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို ဆက်လက်မေးမြန်းရာ ပျော်ဘွယ်-

စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူ ရှင်းလင်းပြောကြားစဉ်။

ဘုရားငါးဆူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို အမြန်ပြီးစီးအောင် ဖောက်လုပ်၍ ရထားစတင်ပြေးဆွဲနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သံလမ်းများ ခင်းခြင်း၊ ရပ်စခန်းများနှင့် လင့်စင်ကုန်းဘူတာ အဆောက်အအုံများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းလျက်ရှိကြောင်း ပြောကြားသည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်သည် ခရီးမိုင် ၁၆ ဒသမ ၁၉ မိုင်ခန့်ရှိပြီး ပျော်ဘွယ်-သာစည်-ဘုရားငါးဆူ၏ လက်ရှိ ရထားလမ်းအရှည်မှာ ခရီးမိုင် ၃၁ ဒသမ ၇၅ မိုင် ရှိသဖြင့် ရထားလမ်းသစ် ဖောက်လုပ်ခြင်းကြောင့် ခရီးမိုင် ၁၅ ဒသမ ၅၆ မိုင်ခန့် (မူလခရီး၏တစ်ဝက်ခန့်) ပိုမိုလျော့နည်း သက်သာသွားမည်ဖြစ်။

ရထားလမ်းသစ် တစ်လျှောက်ရှိ တံတားများ တည်ဆောက်နေမှု အခြေအနေများကို တွေ့ရစဉ်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသကဲ့သို့ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အစရှိသည့် ကဏ္ဍများ၌လည်း ဆက်နွှယ်ဖွံ့ဖြိုးစည်ပင်စေမည်သာဖြစ်သည်။

ယခုကဲ့သို့ ပြည်နယ်နှင့် တိုင်းအနှံ့ ရထားလမ်းများ ဖောက်လုပ်ပြေးဆွဲပေးနေခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွား အရပ်ရပ်ကို ပိုမိုပြည့်စုံစေရုံသာမက ဒေသတစ်ခုနှင့် တစ်ခု ကူးလူးဆက်ဆံမှုများ များပြားကာ တိုင်းရင်းသားညီအစ်ကို မောင်နှမ အချင်းချင်း ပိုမိုနားလည်ရင်းနှီးလျက် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန် ခိုင်မာလာစေမည် ဖြစ်ပါသည်။

ထိုသို့ ဆောင်ရွက်မှုကြောင့် ယခုအခါ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်မြို့အထိ ရထားစီး၍ အဆင်ပြေချောမွေ့စွာ ခရီးသွားနိုင်ကြပြီ ဖြစ်ပါသည်။



ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းကြောင်းပြ မြေပုံ။

ဒေသခံ ပြည်သူတစ်ဦးဖြစ်သည့် တွင်းရွာမှ ဦးကျော်မောင်အား ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ဖောက်လုပ်နေမှုနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းရာ “ဒီလို ရထားလမ်းကြီး ဖောက်လုပ်လိမ့်မယ်လို့ လုံးဝ မျှော်လင့်မထားခဲ့ပါဘူး၊ အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး” ဟု အရိုးခံအတိုင်း အားရဝမ်းသာ ပြောကြားခဲ့သည်။ ဆက်လက်၍ ဦးကျော်မောင်က ကျွန်တော်တို့ဒေသမှာ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ နှမ်းနှင့် ငရုတ်၊ စပါးစတဲ့ ထွက်ကုန်များ ထွက်ရှိပါကြောင်း၊ ယခုလို ရထားလမ်းဖောက်လိုက်တဲ့အတွက် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ ကျေးရွာ ၂၂ ရွာခန့်အတွက် များစွာအကျိုးရှိပြီး ဒေသထွက်ကုန်တွေကို သယ်ယူပို့ဆောင်ရာမှာပဲဖြစ်ဖြစ်၊ ခရီးသွားလာရာမှာပဲဖြစ်ဖြစ် စရိတ်စက သက်သာတဲ့ ရထားနဲ့ သယ်ယူပို့ဆောင် သွားလာနိုင်တော့မှာ ဖြစ်တဲ့အတွက် နိုင်ငံတော်ကို များစွာ ကျေးဇူးတင်ရှိပါကြောင်း အပြုံးပန်း ဝေဝေဆာဆာဖြင့် ပြောကြားသွားသည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်သည် ခရီးမိုင် ၁၆ ဒသမ ၁၉ မိုင်ခန့်ရှိပြီး ပျော်ဘွယ်-သာစည်-ဘုရားငါးဆူ၏ လက်ရှိ ရထားလမ်း အရှည်မှာ ခရီးမိုင် ၃၁ ဒသမ ၇၅ မိုင် ရှိသဖြင့် ရထားလမ်းသစ် ဖောက်လုပ်ခြင်းကြောင့် ခရီးမိုင် ၁၅ ဒသမ ၅၆ မိုင်ခန့် (မူလခရီး၏တစ်ဝက်ခန့်) ပိုမိုလျော့နည်း သက်သာသွားမည်ဖြစ်သည်။

အဆိုပါ ရထားလမ်း ဖောက်လုပ်ပြီးစီးသွားပါက နေပြည်တော်ကို ဗဟိုပြု၍ ဒေသအနှံ့ ပြည်သူများ မီးရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့ကာ ကုန်စည်စီးဆင်းမှုများလည်း ယခင်ကထက် လျင်မြန်သွက်လက်လာပြီး ကူးလူးဆက်ဆံမှုများပြားကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုအထောက်အကူပြုမည် ဖြစ်ပါသည်။

မိမိတို့ သတင်းအဖွဲ့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ) ဦးမောင်မောင်သွင်အား ပျော်ဘွယ်မြို့နယ်အတွင်းရှိ စမုံချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆက်လက်တွေ့ဆုံ မေးမြန်းခဲ့ရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

ရထားလမ်းသစ် ဖောက်လုပ်ရာတွင် အသုံးပြုမည့် ဇလီဖားတုံးများကို တွေ့ရစဉ်။

✳ စာမျက်နှာ ၆ ဆောင်းပါးမှ

ပျော်ဘွယ်-ဘုရားငါးဆူလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့်အတူ ကသာ- ဗန်းမော် ၉၅ မိုင်၊ ကြံခင်း-ပခုက္ကူ ၃၂၂ မိုင် ရထားလမ်းသစ်များကိုလည်း တစ်ပြိုင်တည်း ဖောက်လုပ်လျက်ရှိကြောင်း၊ ယခု ပျော်ဘွယ်-ဘုရားငါးဆူ ဖောက်လုပ်ရေး စီမံကိန်းကိုလည်း အမြန်ဆုံး ပြီးစီးအောင် ကြိုးပမ်းပြီး ရထားပြေးဆွဲနိုင်ရေး အတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ကြံခင်း-ပခုက္ကူ (၃၂၂) မိုင်ရှိ ရထားလမ်းပိုင်းသည် ဧရာဝတီတိုင်းနှင့် မကွေးတိုင်းတို့ကို လွယ်လင့်တကူ ဆက်သွယ်ပေးနိုင်မည်ဖြစ်ပြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဒေသများကို ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ဒေသများနည်းတူ ပိုမို ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနှင့် လူမှုပတ်ဝန်းကျင်ကို ပိုမိုမြှင့်တင်နိုင်ရန် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူချောမွေ့စေရေး ကဏ္ဍတွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား၏ အခန်းကဏ္ဍသည် အရေးပါလှပေသည်။

ဤကဲ့သို့ **ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့ နေပြည်တော်ကို ဗဟိုပြု၍ စက်ဝိုင်းအသွင် ဒေသတစ်ခုနှင့် တစ်ခု ကွန်ရက်သဖွယ် လက်ယှက်ထိုး သွားလာနိုင်ရေးအတွက် မီးရထားလမ်းများ အပါအဝင် လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများကို ထူထောင်ရာတွင် နိုင်ငံတော်အစိုးရသည် ကိုယ့်ခွန်ကိုယ့်အားအပေါ် အခြေခံပြီး ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ် အရင်းတည်လျက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ တီထွင်ကြံဆ ကြိုးပမ်းအားထုတ်မှု စွမ်းအားများဖြင့် ခေတ်မီနိုင်ငံကြီး ဖြစ်လာစေရန် ကြိုးပမ်းထူထောင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။**

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖောက်လုပ်ရာတွင် အသုံးပြုမည့် ကျောက်များ စုဆောင်းထားသည်ကို တွေ့ ရစဉ်။

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၄

အိန္ဒိယသမ္မတနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ် ရှစ်ခုတို့တွင် ဝါဆိုတော်မူကြမည့် မြန်မာရဟန်းတော် ၂၅၈ ပါးနှင့် အာသံ-တြိပူရ-မဏိပူရ ဒေသများရှိ သံဃာတော်အပါး ၄၀၀ တို့အတွက် မဇ္ဈိမဒေသ အကြိမ် (၃၀)မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ဖုန်း- ၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃၊ ၀၁-၇၂၇၇၄၆၊ ၀၁-၅၃၆၃၄၈ နှင့် ၀၁-၅၄၂၂၃၆ တို့သို့ ဇူလိုင် ၁၆ရက် နောက်ဆုံးထား လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုးမိုင်မဟာစည် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၄

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်း လှူဒါန်းပူဇော်ပွဲကို ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၊ ၁၇-၇-၂၀၀၈ (ကြာသပတေးနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက် အလေးမပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆု ချီးမြှင့်စဉ်။ (အား/ကာ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန် ၂၄ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၈ ခုနှစ် (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်အလေးမပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ကြည့်ရှုအားပေးကာ တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က အကောင်းဆုံး အားကစားသမားဆု ရရှိကြသော အမျိုးသား ပထမတန်းအဆင့်ပြိုင်ပွဲတွင် (၆၉)ကီလိုတန်းမှ ကျော်မိုးဝင်း (လယ်ယာ/ဆည်မြောင်း)၊ ဒုတိယတန်းအဆင့် ပြိုင်ပွဲတွင် (၆၉)ကီလိုတန်းမှ ကျော်သိန်းစိုး(ရန်ကုန်တိုင်း)၊ တတိယတန်းအဆင့်ပြိုင်ပွဲတွင် (၅၆) ကီလိုတန်းမှ မျိုးခိုင် (ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအသင်း)၊ အမျိုးသမီး ပထမတန်းအဆင့် ပြိုင်ပွဲတွင် (၄၈)ကီလိုတန်းမှ အေးသန္တာလွင် (လယ်ယာ/ဆည်မြောင်း)နှင့် တတိယတန်းအဆင့်ပြိုင်ပွဲတွင် (၅၈)ကီလိုတန်းမှ ကေသီဝင်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသင်း)တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဆင့်လိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားကြသော အမျိုးသား တတိယတန်းအဆင့် ပြိုင်ပွဲ၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယတန်းအဆင့်ပြိုင်ပွဲ၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပထမတန်းအဆင့်ပြိုင်ပွဲ၌လည်း ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ဖြစ်ကြကာ အမျိုးသမီး တတိယတန်းအဆင့် ပြိုင်ပွဲ၌ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)အသင်း၊ ဒုတိယတန်းအဆင့် ပြိုင်ပွဲ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပထမတန်းအဆင့် ပြိုင်ပွဲတွင်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့အား တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် ''ချစ်ခြင်းအားဖြင့်'' နေတိုး၊ အိန္ဒြာကျော်ဇင်
- ၁း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၆။ အမျိုးသားရေး တေးကဗျာ
- ၄း၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၈၁)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ လူရွှင်တော်ရွှေဖလား
- ၂၀။ English Usage
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - နှင်းတောင်သူရဲကောင်း (အပိုင်း-၆)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ THAICOM Public Company Limited **မှ ဒုတိယဥက္ကဋ္ဌ** Mr. Makin Petplai **နှင့်အဖွဲ့ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းကုမ္ပဏီဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ THAICOM Public Company Limited မှ ဒုတိယဥက္ကဋ္ဌ Mr. Makin Petplai နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း

ဗင်နီဇွဲလားဘိုလီဗာရီယန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၅

၂၀၀၈ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်သော ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာနီကိုးလတ်စ် မာဒူရို မိုရော့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၄

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇန ဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃ နိကာယ ကောဝိဒ သာသနဓဇ သီရိ ပဝရဓမ္မာစရိယ)သည်တောင်ဥက္ကလာ ပမြို့နယ် (၅)ရပ်ကွက်၊ ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇူလိုင် ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ပြသမည်ဖြစ်သည်။ ယောဂီအသစ် များအနေ ဖြင့် ဇူလိုင် ၇ ရက်မှစ၍ စာရင်း ပေးသွင်းနိုင်ပြီး ယောဂီ အဟောင်းများအနေဖြင့် ဇူလိုင် ၁၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဖြစ်စေ စာရင်းပေး နိုင်ကြောင်း သိရသည်။ (က-ပ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ မင်္ဂလာမေအမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်မှု သမဝါယမအသင်းမှ လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများအတွက် ကျောင်းဆောက်လုပ်ရန် ငွေကျပ် ၂၅သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူရှင်များ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၄

မုန်တိုင်းသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ယနေ့တွင် အလှူရှင်ဒိုင်းမွန်းစတား ကုမ္ပဏီလီမိတက်က ငွေကျပ် ၄၈၁၉၅၀၀ တန်ဖိုးရှိ စောင်အထည် ၁၈၉၀၊ မင်္ဂလာမေ အမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်မှု သမဝါယမအသင်းက လေဘေးသင့်ဒေသ မိဘမဲ့ကလေး များအတွက် ကျောင်းဆောက်လုပ်ရန် ငွေကျပ် ၂၅သိန်းနှင့် ဦးကျော်ထူး၊ ဒေါ်လေးလေးနွယ် မိသားစုက လေဘေးသင့်ပြည်သူများအတွက် အမြဲတမ်းနေအိမ်ဆောက်လုပ်ရန် ငွေကျပ်ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၄

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆို သင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်း ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး အသင်း နာယကဆရာတော် ကိုးပါးအား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။ အသင်း ဝင်များနှင့် အသင်းမဝင်ရသေးသော ရန်ကုန်ရောက် မိုးကောင်းမြို့နယ် သူ၊ မြို့နယ်သားများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

ဝါဆိုသင်္ကန်းကပ်လှူသောနေ့တွင် ပါဝင်လှူဒါန်းနိုင်ပြီး ဥက္ကဋ္ဌ ဦးမောင်ကြီး ဖုန်း-၂၄၁၇၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးယုတင် ဖုန်း-၀၉၅၁၆၄၅၉၈၊ ဦးခင်မောင်အေး ဖုန်း-၀၉၂၀၁၇၈၇၁၊ အတွင်းရေးမှူး ဦးချစ်မောင် ဖုန်း-၅၀၃၁၉၈၊ ဘဏ္ဍာရေးမှူး ဦးအောင်သိန်း ဖုန်း-၃၈၃၉၄၆၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၅၁၉၅၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အမှန်မြင်သောနေ့တစ်နေ့"တရားတော် (မေတ္တာကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ)
၈း၀၀ - ၂း၀၀	ယွန်းထည်အတတ်ပညာ
၈း၃၀ - ၂း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅ - ၂း၅၅	သွေးလွန်တုပ်ကွေးဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာကျော်ဇင်ဝေ)
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	ဒေါက်တာချစ်ငယ် (ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ (၅) (ဟဲယာရွာမ၊ အင်းလေး)
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	စွမ်းဆောင်နိုင်ခြင်း၏ စုတ်ချက်များ
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	နုပျိုလန်းဆန်း Organic Green Tea အစွမ်း
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	စားချင်စဖွယ်ဒေသထွက် ဇလွန်ချင်းသုပ်
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	သီးနှံတို့၏ အရင်းအမြစ် "ရေ"
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	မိုးရာသီတွင် အင်းလျားကန်ရေလျှံမှုမဖြစ်စေရေး ရေတံခါး တည်ဆောက်မှု အခြေအနေ
၁၂း၀၀ - ၆း၀၀	သျှိသျှားမြေမှ စပျစ်ချို
၁၂း၃၀ - ၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅ - ၆း၃၅	Fashion Guide (မျက်နှာအနေအထား အမျိုးမျိုးအတွက် မိတ်ကပ် လိမ်းခြယ်နည်းအဆင့်ဆင့် - ၁)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျောက်ဆည်မြို့နယ်အသင်း (ရန်ကုန်)

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

ကျောက်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၆ ရက် (စနေနေ့) ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၉ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ် ရှိသော ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင်များ၏ အမည်စာရင်းနှင့် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးနှင့် အောင်မြင်ကြသော သားသမီးများအမည်စာရင်းကိုသက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်နှင့်အတူ ကျောက်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၅၂၇၃၆ သို့ဖြစ်စေ သတင်းပေးပို့ကြပါရန်နှင့် ဝါဆိုသင်္ကန်းကပ်အလှူငွေနှင့် ဝတ္ထုပစ္စည်းများကိုအသင်းရုံးသို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း၊ အသင်းဝင်များအနေဖြင့်လည်း ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ကြပါရန်ဖိတ်ကြားထားကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကို ဇူလိုင်၁၃ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်းရှိ အမွှာရာမကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင် များနှင့် ၂၀၀၆-၂၀၀၇ပညာသင်နှစ်နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် များအတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်မိဘများ၏ သားသမီးများစာရင်းကို ဦးသောင်းဆွေ ဖုန်း-၅၅၆၄၆၁၊ ဒေါ်ခင်မာဆွေ ဖုန်း-၅၁၄၇၃၇ တို့ထံ ဆက်သွယ်စာရင်း ပေးပို့နိုင်ကြောင်း သိရသည်။ အသင်းသူ၊အသင်းသားများအားလုံးနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန်ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ မျက်နှာစာ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်တို့ တက်ရောက်၍ ပိတောက်ပင်နှင့် ခရေပင်တို့ကို စိုက်ပျိုးပေးသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနသည် ၂၀၀၈ ခုနှစ် မိုးရာသီတွင် ကျွန်း၊ မဲဇလီ၊ ငုရွှေဝါ၊ ပိတောက်၊ တမာ၊ မန်ကျည်း၊ ခရေ၊ စိန်ပန်းကြီး၊ စိန်ပန်းပု၊ တည်ပင်၊ မဟော်ဂနီ စသည်ဖြင့် အပင်ရေ စုစုပေါင်း ၅၀၀၀ ကျော် စိုက်ပျိုးပြီးကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် မိုးရာသီ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA

ကမ္ဘာ့လူဦးရေနေ့

မိသားစုဘဝသာယာရေး

မျိုးဆက်ပွားကျန်းမာရေး လက်တွေ့ဖော်ဆောင်ပေး

It's a right, let's make it real

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

ရတနာမဥ္ဇူမမ္မရိပ်သာ သီလရှင်တရားစခန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၄

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူ မမ္မရိပ်သာ၌ လယ်တီမူ အနာဂါမ် ဆရာသက်ကြီး၏ ဝိပဿနာရှုနည်းဖြင့် ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ) ဦးဆောင်၍ မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးသန်းနှင့် တပည့်များက ဇူလိုင် ၂၅ရက်(သောကြာနေ့)မှ ဩဂုတ် ၁ရက် (သောကြာနေ့)အထိ သီလရှင်များအား ဝိပဿနာရှုနည်းကိုပို့ချမည်ဖြစ်ရာတရားစခန်းဝင်လိုသောသီလရှင်များသည် ဇူလိုင် ၂၂ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ အထက်ပါကျောင်းတိုက် ဖုန်း-၆၆၃၈၀၂နှင့် ဖုန်း-၀၉၅၁၉၇၀၂၇တို့သို့ စာရင်းပေးသွင်းနိုင်ပြီး တစ်နေ့တာဆွမ်းလှူဒါန်းလိုသူများသည် သီလရှင်အပါး ၁၀၀အတွက် အရုဏ်ဆွမ်းငွေကျပ် ၄၀၀၀၀၊နေ့ဆွမ်းငွေကျပ် ၆၀၀၀၀နှင့်အအေးငွေကျပ်၁၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပေါက်တောမြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၄

ပေါက်တောမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၇-၂၀၀၈တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင်ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်း ဧဒဝတီသာသနာပြုကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးသံဝေရ ဖုန်း-၂၄၈၀၄၅၊ ဦးမြသာ ဖုန်း-၃၇၃၃၇၇၃တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ ဂီတအနုပညာရှင်များက မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား စိတ်ခွန်အားဖြည့်ဆည်း

ရန်ကုန် ဇူလိုင် ၄

မန္တလေးမြို့ ဗထူးအားကစားကွင်းကြီး၌ ဇွန် ၇ ရက်က ကျင်းပခဲ့သော "ကရုဏာသံစဉ် ဂီတပွဲတော်"မှ ရရှိသည့် အလှူငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ဇူလိုင် ၃ ရက်တွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းဒေသရှိ ကျေးရွာများသို့ ဂီတအနုပညာရှင်များကိုယ်တိုင် သွားရောက်လှူဒါန်းခြင်းနှင့် စိတ်ခွန်အားပေးခြင်းတို့ကို သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ပံ့ပိုးကူညီသော "ဗလကျော်ခေါင်" နှစ်ထပ်ရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းမြို့နယ်ရှိ အထက်ဂျိုးဖြူ၊ အောက်ဂျိုးဖြူ၊ နတ်မှူး၊ တပ်စိတ်၊ မယ်ဇလီနှင့် ကျားချောင်းကျေးရွာများသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ တွဲဖက်အတွင်းရေးမှူး(၃)ဦးသစ်မင်း ခေါင်းဆောင်ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်သူချစ်သော အနုပညာရှင်များဖြစ်သည့် R ဇာနည်၊ ဖိုးကာ၊ ဂျေမီ၊ ကြက်ဖ၊ဂျေမောင်မောင်၊ တက္ကသိုလ်ကိုကိုနိုင်၊ တင်ဦးလေး၊ ဘိုဘိုဟန်၊ ရွှေထိုက်၊ ပိုးအိစံ၊ ရတနာ၊ ရည်မွန်၊ သျှီ စသည့်အနုပညာရှင်များ ပါဝင်ခဲ့ကြသည်။

လေဘေးသင့်ဒေသရှိကျေးရွာများတွင် စိတ်ဓာတ်မြှင့်တင်ရေး အစီအစဉ်အနေဖြင့် ကာလပေါ် မြန်မာသံစဉ်များ၊ နာမည်ကျော် စတီရီယိုသီချင်းများနှင့် ခေတ်ပေါ်သံစဉ်များဖြစ်သည့် Hip Hop၊ Pop၊ Rock စသည့်တေးသံသာများဖြင့် ကရုဏာသံစဉ် ရေယာဉ်ပေါ်မှနေ၍ တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြသည့်အပြင် လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ကရုဏာသံစဉ်ခရီးမှ ဂီတအနုပညာရှင်များသည် မော်လမြိုင်ကျွန်းမြို့ ပြည်သူများအား တေးဂီတများဖြင့် ယင်းနေ့ ည ၇ နာရီခွဲမှ ၁၀ နာရီအထိ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဂီတအနုပညာရှင်များသည်ကရုဏာရေယာဉ်ဖြင့် လေဘေးသင့် ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ဖိုးခန့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ကရုဏာသံစဉ်ခရီးစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှု၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ဦးဆောင်ပြီး ဂီတအနုပညာရှင်များ၊ စက်မှုပညာရှင်များက ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ ပံ့ပိုးမှုတို့ဖြင့် သွားရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့၌ ကျင်းပခဲ့သော ကရုဏာသံစဉ် ဂီတပွဲတော်မှ ရရှိသည့်အလှူငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျားချောင်းကျေးရွာတွင် ဂီတအနုပညာရှင်များက လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် ကျားချောင်းကျေးရွာတွင် ဗလကျော်ခေါင် နှစ်ထပ်ရေယာဉ်ပေါ်မှ ဂီတအနုပညာရှင်များက လေဘေးသင့် ပြည်သူများအား စိတ်ဓာတ်မြှင့်တင်ရေး အစီအစဉ်အဖြစ် တေးသီချင်းများဖြင့် ဖျော်ဖြေစဉ်။

(သတင်းစဉ်)

❑ **ရှေ့ဖုံးမှ**

အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှု ပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့သည် ဇူလိုင် ၁ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ သွားလာရန်ခက်ခဲသော နတ်မှူးကျေးရွာနှင့် ငြိမ်းဦးကျေးရွာသို့ ဆေးရုံသင်္ဘောဖြင့် သွားရောက်ပြီး အထွေထွေရောဂါ လူနာများအား စမ်းသပ်ကုသပေးခြင်း၊ သွားရောဂါလူနာများအား စမ်းသပ်စစ်ဆေးကုသပေးခြင်း၊မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသပေးခြင်း၊ ကလေးအထူးကု ဆရာဝန်ကြီးကလည်း ကလေးလူနာများအား စမ်းသပ်စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ နတ်မှူးကျေးရွာတွင် လူနာ ၇၀၊ ငြိမ်းဦးကျေးရွာတွင် လူနာ ၈၆ ဦး စုစုပေါင်းလူနာ ၁၅၆ ဦးတို့အား စမ်းသပ်စစ်ဆေး ကုသပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေပန်းချီ လက်တွေ့ရေးဆွဲရောင်းချပွဲ ဇူလိုင် ၇ ရက်အထိ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

လေဘေးသင့်ပြည်သူများအတွက် လေဘေးကယ်ဆယ်ရေး ရန်ပုံငွေရရှိရန် ပန်းချီပညာရှင်များဖြစ်ကြသည့် ဦးမောင်မောင်သိမ်း(ပုသိမ်)၊ စတားဦးမြသန်း၊ ဦးတင်ဦး(Roxy)၊ ဦးကြည်ဝင်း(ရန်ကင်း)၊ ဦးတင်မြ၊ ဦးလှသိမ်းအောင်၊ ဦးသန်းဝင်းထွန်းတို့ ဦးစီးကမကထပြုသော ပန်းချီလက်တွေ့ရေးဆွဲရောင်းချပွဲကို ဇွန် ၂၇ရက်မှ ဇူလိုင် ၄ရက်အထိ ရန်ကုန်မြို့ Parkroyal ၌ ကျင်းပလျက်ရှိရာ Parkroyal ၏ ပံ့ပိုးကူညီမှုဖြင့် ဇူလိုင် ၇ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ဖွင့်လှစ်ရေးဆွဲရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၅ ၆။ အကပဒေသာ
၈း၁၅ ၇။ ကဗျာပန်းဥယျာဉ်
၈း၃၀ ၈။ International News.
၈း၅၀ ၉။ အတီးပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀ ၅။ အဆိုပြိုင်ပွဲ
၁း၀၀ ၆။ **လောကနီတိ "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ ကြည့်သောအခါ" (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ဦးခင်ဇော်)**
၂း၀၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၂း၁၅ ၈။ **"ရေမြင့်ကြာတင့်" (ခန့်စည်သူ၊ရော၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ထင်ပေါ်၊ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၂း၃၀ ၉။ တေးဂီတအစီအစဉ်
၂း၄၅ ၁၀။ International News.
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄း၂၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၃၀ ၄။ ချစ်စရာ့အရွယ် ကစားကြမယ်
၅း၀၀ ၅။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၅း၁၅ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၅း၄၅ ၇။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်' (အပိုင်း-၁၀)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၁)**
၂၁။ အစီအစဉ်ပြီး၏။

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ စုံညီအစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် ဇူလိုင် ၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (COCI) စုံညီအစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဆက်လက်ကျင်းပပြီး မွန်းတည့် ၁၂ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ (COCI) စုံညီအစည်းအဝေးကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါ စုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် အဆင့်မြင့်အရာရှိများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင် အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဖောင်ဒေးရှင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်အဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Angelica C.Escalona က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက စုံညီအစည်းအဝေးတွင် ဆွေးနွေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များက အတည်ပြုကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်တို့က (၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေး၏ ယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေးတို့၌ တင်သွင်းသည့် ဆွေးနွေးဆုံးဖြတ်ချက်များကို အတည်ပြုဆွေးနွေးကြသည်။

ယင်းနောက် ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ဘတ်ဂျက်များကိုပြန်လည်သုံးသပ်ကြပြီး ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်းဆောင်ရွက်မည့် အသေးစားနှင့်အလတ်စားယဉ်ကျေးမှုဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းနှင့် အာဆီယံအမျိုးသားသီချင်းအတွက် ဘဏ္ဍာငွေ သုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများကို သုံးသပ်ကြပြီး အထွေထွေကိစ္စရပ်များဖြစ်သည့် Status of ASEAN COCI Websites၊ The Best of ASEAN Performing Arts Series နှင့် ASEAN Quest-ASEAN Foundation တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် (၄၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီ အစည်းအဝေးကို ဖိလစ်ပိုင် သမ္မတနိုင်ငံ၌ ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ကျင်းပရန် ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် (၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီ အစည်းအဝေး၏ အစီရင်ခံစာကို အတည်ပြု ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားကာ မွန်းတည့် ၁၂ နာရီတွင်စုံညီအစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

KMD Group of Companies မှ NEC PC Note Book Computer မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

ဂျပန်နိုင်ငံ၏နံပါတ်တစ် အရောင်းရဆုံးသော NEC PC နှင့် Note Book Computer များကို KMD မှ Authorized Distributor အနေဖြင့် မြန်မာပြည်ဈေးကွက်သို့ ဖြန့်ချိမည့် စာနယ်ဇင်းအကြို မိတ်ဆက်ပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံလမ်းရှိ Cafe Blue ၌ ကျင်းပရာ KMD Group of Companies ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးသောင်းတင်နှင့်အမှုဆောင်များ၊ စာနယ်ဇင်းများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းမိတ်ဆက်ပွဲတွင် KMD Group of Companies ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးသောင်းတင်၊ KMD Sales and Service Center Service Manager ဦးဇော်လှိုင်ဘွားတို့က NEC PC Note Book Computerများနှင့် ပတ်သက်ပြီး KMD မှ မြန်မာပြည်ဈေးကွက်တွင် ဖြန့်ချိမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့အပြင် KMD မှ NEC PC Note Book Computer ပြပွဲကို ဇူလိုင် ၁၂ ရက်(စနေနေ့)တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel မင်္ဂလာခန်းမ၌ ကျင်းပရန် စီစဉ်ထားပြီး Note Book ဝယ်ယူသူများကို ငွေကျပ် ၅၀၀၀၀ အထိ ဈေးလျှော့ရောင်းချပေးမည့် အပြင် အထူးလက်ဆောင်များ ပေးအပ်သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။ အသေးစိတ် သိရှိလိုပါက KMD Sales and Service Center အမှတ် ၅၅၀/၅၅၂ ကုန်သည်လမ်းနှင့် (၃၆)လမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၁၈၀၊ ၂၀၄၀၇၁၊ ၃၈၄၁၀၉၊ ၅၀၃၅၁၁ နှင့် ၅၀၃၅၂၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ၏ နံပါတ်တစ် အရောင်းရဆုံးသော NEC PC နှင့် Note Book Computerများကို KMD မှ Authorized Distributor အနေဖြင့် မြန်မာပြည်ဈေးကွက်သို့ဖြန့်ချိမည့် စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲတွင် KMD Group of Companies ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ် ဦးသောင်းတင် မိတ်ဆက်ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြသဆဲဇာတ်ကားများ ဆက်လက်ရုံတင် ရင်ခုန်နှင်းဆီ ဇာတ်ကားသစ် ရုံတင်မည်

ရန်ကုန် ဇူလိုင် ၄

ယခု သောကြာပတ် ဇူလိုင် ၄ ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ခြင်းမရှိဘဲ ပြသဆဲ **'ဟော့ရှော့'** ဟာသဇာတ်ကား တစ်ကားတည်းသာ ဆက်လက်အောင်ပွဲခံနေသည်။**'ဟော့ရှော့'** ဇာတ်ကားကို အကြည်တော်က ဇာတ်လမ်း ဇာတ်ညွှန်းရေးဖွဲ့ပြီး ဒါရိုက်တာ ညီညီထွန်းလွင်က တာဝန်ယူရိုက်ကူးထားခြင်းဖြစ်သည်။ ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်၊ သင်ဇာဝင့်ကျော်၊ မေတ္တာ၊ အရိုင်း၊ ရန်ပိုင်စိုးနှင့် အေးသီတာတို့ ခေါင်းဆောင်ပါဝင်ထားကြကာ သမ္မတ တစ်ရုံတည်းတွင် ဆက်လက်ပြသနေသည်။

နိုင်ငံခြားရုပ်ရှင်

သွင်ရုံတွင် တောင်ပေါ်သားလူရိုင်းမျိုးနွယ်တို့၏ ဘဝကို ရိုက်ကူးထားသည့် ဇာတ်ကြမ်းကား 10000 BC ဇာတ်ကားပြသသည်။ ရှေ့ဆောင်ရုံတွင် နာမည်ကြီးသရုပ်ဆောင် ဟယ်ရီဆင်ဖို့ဒ်ပါဝင်သည့် Indiana Jones-4 and The Kingdom of The Crystal Skull ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် နာမည်ကြီး ကွန်ဖူးသရုပ်ဆောင် ဂျက်ကီချန်းနှင့် ဂျက်လီတို့ ပထမဆုံး တွဲဖက်သရုပ်ဆောင်ထားကာ ဝင်ငွေစံချိန်တင်ခဲ့သည့် The Forbidden Kingdom ဇာတ်ကားများ ပြသသည်။

အိန္ဒိယရုပ်ရှင်

မင်္ဂလာရုံတွင် နာမည်ကြီး အိန္ဒိယ သရုပ်ဆောင် ရှာရွတ်ခန်း ပါဝင်သည့် Om Shanti Om အချစ် ဇာတ်ကား၊ ဘုရင့်ရုံတွင် အာရှေးကူးမားနှင့် ၂၀၀၀ ပြည့်နှစ် မယ်စကြဝဠာနှင့် မယ်ကမ္ဘာဘွဲ့ အသီးသီးရရှိထားကြသော မင်းသမီးသစ်နှစ်လက် တွဲဖက် ပါဝင်ထားသည့် Andaaz အိန္ဒိယ အချစ်ဇာတ်ကား၊ မြို့မရုံတွင် ရှာရွတ် ခန်း ခေါင်းဆောင် ပါဝင်၍ အိန္ဒိယနိုင်ငံ ဖလင်ဖဲယား အကယ်ဒမီ ၁၀ဆုရ **Dilwale Dulhania Le Jaye-nge**ဇာတ်ကားနှင့် ဆုထူးပန်ရုံတွင် နာမည်ကြီး အိန္ဒိယ သရုပ်ဆောင် ပရီယံကာချိုပရာ ပါဝင် သရုပ်ဆောင် ထားသည့် Bluff Master ဇာတ်ကားများ ပြသသည်။

ရင်ခုန်နှင်းဆီ

ကျော်ရုပ်ရှင် ထုတ်လုပ်ရေးမှ ဒါရိုက်တာ အောင်ဆွေမြန်မာ ရိုက်ကူးသည့် **'ရင်ခုန်နှင်းဆီ'** မြန်မာ ဇာတ်ကားသစ်မှာ ဇူလိုင် တတိယပတ်တွင် ရုံတင်ပြသတော့မည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာဘွဲ့ အိမ်ထောင်ရေး ပညာပေး ဇာတ်ကားဖြစ်ပြီး ကျော်သူ၊ မို့မို့မြင့်အောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ မြတ်ကေသီအောင်၊လှလှမိုးနှင့်အရိုင်းတို့ ခေါင်းဆောင် ပါဝင်ထားကြကြောင်း သိရသည်။ (ကြေးမုံ)

မကြာမီ ရုံတင်ပြသတော့မည့် ရင်ခုန်နှင်းဆီ မြန်မာဇာတ်ကားသစ်မှ သက်မွန်မြင့်၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

The Live News ဂျာနယ်အမှတ်(၈၇)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၄

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၈၇)တွင် မြင်းမူမောင်နိုင်မိုး၏ ပညာရှိ၊ နီမင်းဆွေ၏ (No Country for Old Men) ကမ္ဘာမဲ့ဇရာ ၄၊ ကိုကိုလှိုင်၏ အာဖဂန်နစ္စတန် သို့မဟုတ် ဆေးညွှန်းမှားသည့်ရောဂါ၊ သစ်လွင်မိုး၏ ပြင်သစ်တပ်မတော် ပြုပြင်ပြောင်းလဲရေး သို့မဟုတ် နပိုလီယံလက်သစ် ဆာကိုဇီရဲ့ ဖုတ်ပူမီးတိုက်မဟာဗျူဟာ၊ ဦးကို၏ လမ်းပေါ်က အတွေးများ ၁၅ ကားက ရှောင်ပေးခဲ့ရသူများ၊ တောင်တွင်း ဘိုသိန်း၏ မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်ကြိုးစားခဲ့ကြသည့် စာပေပညာရှင်များအား နိဝါတမှ နမာမိဟု ဆိုပါရစေ၊ မောင်မြတ်မွန်(ဆူးလေ)၏ အမည် တင့်ဆန်းတဲ့ **'စကားဝါလမ်း'** (Newlyn/ Commissariat Road)၊ သန့်စင်လတ်(ပညာရေး)၏ အောင်မြင်မှု ဂုဏ်သတင်း ထုံသင်းဝေဖြာ စမ်းမာလာ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၏ နိုင်ငံရေး လှုပ်ခတ် လှုပ်ရှားမှု အခြေအနေများ၊ မြောက်ကိုရီးယားက ချူကလီးယား အစီအစဉ် စွန့်လွှတ်ကြောင်းပြသ ချူကလီးယား ဓာတ်ပေါင်းဖို အအေးခံ မျှော်စင်ကို ဖျက်ဆီးခဲ့၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံများတွင် အရွယ်မရောက်သေးသောကျောင်းသူလေးများ ကိုယ်ဝန်ဆောင်မှုများပြားလာ၊ အိုဘားမားနှင့် ဟီလာရီကလင်တန်တို့၏ ညီညွတ်ရေးခရီး၊ မောင်နေလင်း၏တက္ကစီမင်းနှင့် ကံကောင်းကံထူး၊ ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၇၉၊ ၈၀၊ ၈၁၊၈၂)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၉၊၁၀)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း (၁၀၊၁၁) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃ စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆ စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Services) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် (င/က) ရပ်ကွက် ဇာဝေယာလမ်း ကွန်ကရစ်လမ်းခင်းရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၃ရက်က ဓမ္မစေတီ သာသနာပြုကျောင်းတိုက်၌ ကျင်းပရာ ဓမ္မစေတီ ဆရာတော် အရှင်ကောသလ္လ သာသနာ့ တက္ကသိုလ မဟာဓမ္မာစရိယ M.A (Buddhism) ကအလှူငွေကျပ်ငါးသိန်းကို (င/က)ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွဋ်၊ လမ်းကော်မတီဥက္ကဋ္ဌ ဦးလှဝင်းနှင့် ကော်မတီဝင်များထံသို့ လှူဒါန်းစဉ်။ (၅၀၆)

ရန်ကုန်မြို့ ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏမြို့ဦးစေတီအနီး စံရိပ်ငြိမ် ကျောင်းတိုက်အတွင်း ဆောက်လုပ်မည့် အနန္တဂုဏ်ရည် သိမ်တော်မြတ်အတွက် နှစ်ဖက်မိဘများအား အမှူးထား၍ ကိုဝင်းနိုင်-မပိုပို၊ (သား) မောင်အောင်ခန့်မိသားစု၊ (၆၂) လမ်း၊ လင်းစဒေါင်း၊ ဗိုလ်တထောင်မြို့နယ်မှ ကျပ်နှစ်သိန်းလေးသောင်းကို လှူဒါန်းရာ ဆရာတော် အရှင်ဇဝန(ပဲခူး) လက်ခံရယူစဉ်။ (က-ပ)

ဓမ္မဗျူဟာဓမ္မစကြာအခါတော်နေ့ကျင့်စဉ်သင်တန်း

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတွင် ဇူလိုင် ၈၊၉၊ ၁၄၊၁၅ရက်တို့၌ နံနက် ၇နာရီမှ ၉နာရီအထိ ဓမ္မစကြာအခါတော်နေ့ ကျင့်စဉ်သင်တန်းကို သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မ ဇောတိကဓဇ)က ဓမ္မဒါန ပို့ချပေးမည်ဖြစ်၍ စိတ်ဝင်စားသူတိုင်း တက်ရောက် လေ့လာသင်ကြားနိုင်ကြောင်း သိရသည်။ (က-ပ)

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး၏ ထုပိကာ၊ကလပ်နှင့်ကြာပတ်များပြန်လည်ပြုပြင်ရန်အတွက် ဒေါက်တာဝင်းမြင့်-သီဟာသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦးနှင့် သားများ (မြတ်မေတ္တာမွန်ကုမ္ပဏီ) ကအလှူငွေကျပ် ၁၅ သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၄

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ် လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီးရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** သံတွဲမြို့တွင် ၁၂ ဒသမ ၂၀လက်မ၊ ကျောက်တော်မြို့တွင်၅ဒသမ ၂၈လက်မ၊ ဂွမြို့တွင်၄ဒသမ၈၄လက်မ၊ တောင်ငူမြို့တွင် ၄ ဒသမ ၇၆ လက်မ၊ ခန္တီးမြို့တွင်၄ဒသမ၃၃လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၄လက်မနှင့် တောင်ငူ(လေကြောင်း)တွင် ၂ ဒသမ ၄၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇူလိုင် ၅ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇူလိုင်လ ဒုတိယ ရက်သတ္တပတ်အကုန် ရက်များအတွင်း မိုးလေဝသခန့်မှန်းချက် ။ လာမည့်သီတင်းပတ် ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်)	၃-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၃ ဒသမ ၀ ဒီဂရီစင်တီဂရိတ်(၇၃ ဒီဂရီဖာရင်ဟိုက်)		၄-၇-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း		၄-၇-၂၀၀၈
နေပူသည့်နာရီပေါင်း	မရှိပါ	၃-၇-၂၀၀၈

<u>မိုးရေချိန်</u>

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၄-၇-၂၀၀၈	၁ မမ (၀ ဒသမ ၀၄ လက်မ)	၁ မမ (၀ ဒသမ ၀၄ လက်မ)	၁၅ မမ (၀ ဒသမ ၅၉ လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၁၀၆၇ မမ (၄၂ဒသမ၀၁လက်မ)	၁၃၂၉ မမ (၅၂ဒသမ၃၂လက်မ)	၁၆၇၀ မမ (၆၅ဒသမ ၇၅ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃-၇-၂၀၀၈ရက် ၁၅း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၈)မိုင်နှုန်း တိုက်ခတ်သည်။

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

လမ်းဘေးမှ ကျူးကျော်ဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျောက်တော်ကြီးဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်း တစ်လျှောက်တွင် ကျူးကျော်ဈေးသည်များ စည်းကမ်းမဲ့ရောင်းချလျက်ရှိရာ သား၊ ငါး၊ ဟင်းသီးဟင်းရွက် စွန့်ပစ်ပစ္စည်းများကြောင့် အနံ့အသက်ဆိုးများ ထွက်ပေါ်နေ၍ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။

ထို့အပြင် ရေမြောင်းများ ပိတ်ဆို့နေပြီး ရေစီး ရေလာမကောင်းဘဲ လမ်းများပေါ်အထိ ရေများလျှံနေပါသဖြင့် သွားလာရေး အခက်အခဲရှိသည့်အပြင် ရေဝပ်နေသောရေအိုင်များကြောင့် ခြင်များပေါက်ပွားပြီး သွေးလွန်တုပ်ကွေး ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ လမ်းဘေးမှကျူးကျော်ဈေးဆိုင်များကို ရှင်းလင်းပေးပါရန်နှင့် ရေစီး ရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

မြိတ်မြို့ နောက်လယ်ဈေး အိမ်သာဆောက်ပေးပါ

စာတည်းရှင့်-

မြိတ်မြို့နောက်လယ်ဈေးတွင် ဈေး အိမ်သာမရှိသဖြင့် ဈေးသူ၊ ဈေးသားများ ကျန်းမာရေး ထိခိုက်မှုရှိပါသည်။

သို့ဖြစ်ပါ၍ မြိတ်မြို့ နောက်လယ် ဈေးတွင် အိမ်သာဆောက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ ဈေးသားများ

သောက်သုံးရေကန်အနီးမှ သားရေစိမ်းလုပ်ငန်း ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

မကွေးတိုင်း၊ မကွေးမြို့နယ် ကန်ပြားအနောက်ကျေးရွာရှိ သောက်သုံးရေကန်အနီးတွင် သားရေစိမ်းလုပ်ငန်းတစ်ခု လုပ်ကိုင်လျက်ရှိရာ သောက်သုံးရေကန်မှ ရေများကို စက်ဖြင့်စုပ်ယူသုံးစွဲနေပါသည်။ ကုန်ကြမ်းမှ ကုန်ချောအထိ လုပ်ကိုင်နေပါသဖြင့် သားရေစိမ်း အနံ့ဆိုးများ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ သားရေစိမ်းလုပ်ငန်းကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကန်ပြားရွာသားများ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ဒဂုံမြို့သစ်(မြောက်ပိုင်း) ၂၉ ရပ်ကွက် အောင်တံခွန်(၅) လမ်းတွင် ခွေးလေ ခွေးလွင့်များရှိရာ လမ်းသွား၊ လမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ခွေးလေ ခွေးလွင့်များကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ်(၉) လမ်းထိပ် (မက္ကတစ်လမ်းထောင့်) လမ်းမြေ/စည်ပင်မြေပေါ်တွင် ကွမ်းယာဆိုင်၊ ထီးပြင်ဆိုင်နှင့် ဝက်သားတုတ်ထိုးဆိုင် သုံးဆိုင် ကျူးကျော်ဆောက်လုပ် ထားပါသည်။

အဆိုပါဆိုင်များတွင် အရက်ဝိုင်းဖွဲ့ သောက်စားခြင်း၊ ရန်ဖြစ်ခြင်း၊ မူးယစ်သောက်စား ကခုန်ခြင်း၊ အလုပ်ရုံအပြန် မိန်းကလေးများအား နောက်ပြောင်ခြင်း၊ ညဥ့်နက်ပိုင်းတွင် ဆိုင်ပေါ်၌ မှောင်ရိပ်ခိုသူများ ရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ ကျူးကျော်ဆိုင်များနှင့် မဖွယ်မရာ ပြုမူနေသောသူများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ရေမြောင်းထိန်းနံရံ ပြုပြင်ပေးစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ဖို့မြေလမ်းနှင့် ၁၀၁ လမ်းကြားရှိ ရေမြောင်းကြီးသည် နှစ်ကာလရှည်ကြာပြီး လေဒဏ်၊ မိုးရေဒဏ်ကြောင့် ရေမြောင်းရေထိန်းနံရံများ ပျက်စီးပြီး လမ်းပခုံးသားများပါ ပဲ့ကျလျက်ရှိပါသည်။ မိုးရာသီ ဒီရေတက်သည့်အခါ မြောင်းရေလျှံ ရေစီးသန်သဖြင့် ခရီးသွားများ အန္တရာယ်ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ရေမြောင်းရေထိန်းနံရံများအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားများ

ရေကြည်ရေသန့် သုံးစွဲရေးဆောင်ရွက်ပြီး

၂၂-၉-၂၀၀၇ နေ့ထုတ် ကြေးမုံသတင်းစာပါ တောင်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက် သမာဓိလမ်း၊ သီလလမ်းများ **ရေကြည်၊ ရေသန့် သုံးစွဲလို** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

မိလ္လာပိုက် ရေပိုက်ပြုပြင်ပြီးစီး

၃၁-၃-၂၀၀၈ နေ့ထုတ် ကြေးမုံသတင်းစာပါ ဗိုလ်တထောင်မြို့နယ် ၆ ရပ်ကွက်၊ သိမ်ဖြူလမ်း(အောက်) တိုက်အမှတ်(၆၃ မှ ၆၇)တိုက်ခန်းနောက်ဖေးလမ်းကြားမှ **မိလ္လာပိုက်နှင့်ရေပိုက်များ ပြုပြင်စေလို** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်နှင့် သာစည်မြို့နယ်အကြား ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ဖောက်လုပ်ရာတွင် အသုံးပြုမည့် ဇလီဖားတုံးများကို တွေ့ရစဉ်။

"ပြည်နယ်နှင့်တိုင်းအနှံ့ ရထားလမ်းများဖောက်လုပ်ပြေးဆွဲပေးနေခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွား အရပ်ရပ်ကို ပိုမိုပြည့်စုံစေရုံသာမက ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှုများပြားကာ တိုင်းရင်းသားညီအစ်ကို မောင်နှမ အချင်းချင်း ပိုမိုနားလည်ရင်းနှီးလျက် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန်ခိုင်မာလာစေမည်။"

ညီညီထွန်း(သတင်းစဉ်)၏
(သတင်းဆောင်းပါး) စာမျက်နှာ - ၆၊ ၇